နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဖြေဆေးသည့်မေးခွန်း

## ၂၀၁၉ ခုနှစ်

## တက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ဘောဂဗေဒ** | **ခွင့်ပြုချိန် (၃) နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါဖော်ပြချက်များကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုပါ။ (၅မှတ်)

၁။ လုပ်ငန်းများက အိမ်ထောင်စုများသို့ရောင်းချရန် ထုတ်ကုန်များထုတ်လုပ်ရာတွင် အသုံးပြုသည့် အင်အားစုများကို ဝယ်ယူသည့်ဈေးကွက်ကိုအရင်းအနှီးဈေးကွက်ဟုခေါ်သည်။ ။

၂။ အခွန်စည်းကြပ်ခံရသော ကုန်စည်တစ်မျိုးအတွက် ဝယ်လိုအားအလျော့အတင်းနည်းလေလေ အခွန်မှရငွေ ပိုရလေလေ ဖြစ်သည်။

၃။ ထုတ်လုပ်သူများရရှိသောဈေးနှုန်း (အင်အားစုအခငွေဈေးနှုန်း) နှင့် စားသုံးသူများပေးရသော ဈေးနှုန်း(ဈေးကွက်ပေါက်ဈေး)တို့သည် အစဉ်အမြဲတူညီနေမည်။

၄။ ဈေးကစားရန်ရည်ရွယ်၍ ငွေကိုကိုင်ဆောင်ထားပါက လူတို့သည် ဈေးနှုန်းများကျမည်ဟု မျှော်လင့်ပါကငွေကိုပိုမိုကိုင်ဆောင်ထားလိုမည်ဖြစ်သည်။

၅။ သွင်းကုန်နှင့် ပို့ကုန်အပေါ် ကောက်ခံသော အခွန်များသည် တိုက်ရိုက်ခွန် များဖြစ်သည်။

(ခ) အောက်ပါဖော်ပြချက်များအတွက်ပေးထားသောအဖြေ (က)(ခ)(ဂ) များမှ **အဖြေမှန်**ကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ ကာလတိုငွေထုတ်ချေးခြင်း၊ငွေချေးယူခြင်းများသည် (က)ကုန်စည်ဈေးကွက် (ခ)ငွေကြေးဈေးကွက် (ဂ) အရင်းအနှီးဈေးကွက် နှင့်သက်ဆိုင်သည်။

၂။ အမဲသားနှင့် သားရေသည် (က) တွဲဖက်ထုတ်ကုန် (ခ) တွဲဖက်ကုန်စည် (ဂ) အစားထိုးကုန်စည် များ ဖြစ်သည်။

၃။ စက်မှုကုန်စည် ပစ္စည်းများသည် (က) မူလထုတ်ကုန်များ (ခ) ဒုတိယအဆင့် ထုတ်ကုန်များ (ဂ)တတိယအဆင့် ထုတ်ကုန်များ ဟု ဆိုနိုင်သည်။

၄။ အကယ်၍ ဗဟိုဘဏ်က ပြည်သူလူထုထံမှ အစိုးရ၏စာချုပ်စာတမ်းများကိုဝယ်ယူလျင် ဗဟိုဘဏ်က စာချုပ်စာတမ်းများအတွက် ငွေပေးချေရသဖြင့် ငွေကြေးပမာဏ (က) တိုးလာမည် (ခ) လျော့သွားမည် (ဂ) တည်ငြိမ်နေမည်။

၅။ အသုံးစရိတ်နည်းနှင့်GDPတွက်ရန်အတွက် အစိုးရအသုံးစရိတ်များကိုတွက်ချက်ရာတွင် အစိုးရ၏ စုစုပေါင်းအသုံးစရိတ်မှ လွှဲပြောင်းပေးငွေများကို (က)ထည့်မတွက်ရပါ (ခ) ပေါင်းရန်လိုသည် (ဂ) နှုတ်ရန်လိုသည်။

တစ်ဖက်သို့

(ဂ) အောက်ပါကွက်လပ်များတွင် ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

၁။ ဈေးကွက်စီးပွားရေးစနစ်သည် အခြေခံစီးပွားရေးပြဿနာများကို ဈေးကွက်မှ တဆင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဖြေရှင်းပေးနိုင်သော်လည်း လက်တွေ့တွင် ဈေးကွက်၏ ________ ကဲ့သို့သော အားနည်းချက်များလည်း ရှိပေသည်။

၂။ အခြားကုန်စည်တစ်ခု၏ ဈေးနှုန်းတက်လာခြင်းကြောင့် လေ့လာနေသောကုန်စည်၏ဈေးနှုန်းမပြောင်းသော်လည်း ဝယ်ယူသည့်အရေအတွက် များလာလျှင် ထိုကုန်စည်နှစ်ခုသည် _______ များဖြစ်ကြသည်။

၃။ မတူညီသောနှစ်များ၏ တိုင်းပြည်ဝင်ငွေများကို နှိုင်းယှဉ်လိုပါက တိုင်းပြည်ဝင်ငွေ၏ _______ ဈေးနှုန်းသဘောကို အသုံးပြုသည်။ ။

၄။ ကုန်စည်ဈေးနှုန်းမည်မျှပင်ပြောင်းလည်းနေသော်လည်း ဝယ်ယူသည့်အရေအတွက်တုန့်ပြန်ပြောင်းလဲမှု မရှိလျှင် ထိုကုန်စည်သည် ဝယ်လိုအားအလျော့အတင်း _______ ဟုခေါ်ဆိုသည်။

၅။ မရှိမဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ၏ သဘောသဘာဝများမှာ _______၏ အသွင်ကို ဆောင်သည်။

၆။ စီးပွားရေးအဆောက်အအုံတည်ငြိမ်စေရန် ဆောင်ရွက်ရာ၌ အစိုးရအနေဖြင့်အသုံးပြုသော အဓိကနည်းလမ်းနှစ်ခုမှာ _______ နှင့် ငွေကြေးမူဝါဒတို့ ဖြစ်သည်။

၇။ _______ တွင် ကုန်သွယ်ရေး၊ကျန်းမာရေး၊ ပညာရေး စသည့် ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့၏ ရောင်းဝယ်ခြင်းများပါဝင်သည်။

၈။ ငွေကြေး၏တန်ဖိုးသည် ဈေးနှုန်းပြောင်းလဲမှုနှင့် _______ဆက်စပ်လျက်ရှိသည်။

၉။ ယေဘူယျအားဖြင့်အခွန်များသည် အစိုးရအတွက် _______ ရရှိရာ အရေးကြီးဆုံးဇစ်မြစ်ဖြစ်သည်။

၁၀။ အရင်းအနှီးရွှေ့ပြောင်းမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံခြားငွေရရှိမှုနှင့် ပေးချေမှုများပါဝင်သည့် အပိုင်းကို ပြည်ပငွေပေးငွေယူရှင်းတမ်း၏ _______ ဟုခေါ်သည်။

၂။ အောက်ပါတို့အနက်မှ(၁၀) ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ (၂၀ မှတ်)

၁။ ကာလရှည်ချေးငွေ

၂။ လမ်းညွှန်မှုပေးခြင်း

၃။ ပိုလျှံရောင်းလိုအား

၄။ ကုန်ညှံ့များ

၅။ ထုတ်ကုန်တန်ဖိုး

၆။ ငွေကြေးဝင်ငွေ

၇။ အလွန်အမင်းငွေဖောင်းပွမှု

၈။ အချိန်ဆိုင်းအပ်ငွေ

၉။ ပြည်သူ့အသုံးစရိတ်များ

၁၀။ အမွေခွန်

၁၁။ ချိန်ကိုက်စေသောအမယ်များ

၁၂။ သက်နုစက်မှုလုပ်ငန်းများ

၃။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂) ခုကိုမှတ်စုရေးပါ။ (၂၀ မှတ်)

၁။ ဝယ်လိုအားဇယားနှင့်ဝယ်လိုအားဥပဒေသ

၂။ ကုန်ထွက်နည်းဖြင့် တိုင်းပြည်ဝင်ငွေတွက်ချက်ခြင်း

၃။ ပြည်သူ့ဘဏ္ဍာရေး အဓိပ္ပာယ်

၄။ နိုင်ငံခြားမှ ရောင်းသူနှင့် ဝယ်သူတို့ အပေါ် မှီခိုအားပြုနေရခြင်း

၄။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးပြဿနာ တစ်နည်းအားဖြင့် အခွင့်အလမ်းစရိတ် သဘောကို ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးဖြင့် ဖော်ပြရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

ငွေကြေးရောင်းလိုအား(ငွေကြေးပမာဏ)နှင့် ငွေကြေးဝယ်လိုအား(ငွေကြေးလက်ဝယ်ကိုင်ဆောင်ထားလိုမှု)တို့အကြောင်းရှင်းလင်းဖြေဆိုပါ။

၅။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂)ခုကိုဖြေဆိုပါ။ (၁၀× ၂)မှတ်

(က) ပဲဆီထုတ်လုပ်သူတစ်ဦး၏လအလိုက် တစ်ပိဿာရောင်းဈေး (ကျပ်) နှင့် ထုတ်လုပ်ရောင်းချသည့် ပမာဏ (ပိဿာ) ကိုအောက်ပါဇယားတွင်ဖော်ပြထားသည်။

| လ | တစ်ပိဿာရောင်းဈေး (ကျပ်) | ထုတ်လုပ်ရောင်းချသည့် ပမာဏ (ပိဿာ) |
|---|---|---|
| မတ်လ | ၃၀၀၀ | ၁၂၀၀၀၀ |
| ဧပြီလ | ၄၅၀၀ | ၁၆၅၀၀၀ |

ပဲဆီထုတ်လုပ်သူ၏ ရောင်းလိုအား အလျော့အတင်းကို တွက်ချက် သုံးသပ်ပြပါ။

(ခ) နိုင်ငံတစ်နိုင်ငံ၏ နှစ်တစ်နှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

| **အကြောင်းအရာ** | **(ကျပ်သန်းပေါင်း)** |
|---|---|
| လုပ်ခ၊လစာ | ၅၆၇၃၀ |
| ငှားရမ်းခ | ၃၆၇၀ |
| အတိုးဝင်ငွေ | ၄၅၉၀ |
| ပုဂ္ဂလိကလုပ်ငန်းများ၏ဝင်ငွေ | ၂၄၇၆၀ |
| ကော်ပိုရေးရှင်းများ၏အမြတ် | ၁၃၄၈၀ |
| သွယ်ဝိုက်ခွန်များ | ၆၈၇၀ |
| ပြုန်းတီးမှုတန်ဖိုး | ၉၉၈၀ |
| နိုင်ငံခြားသို့ အသားတင်ပေးရသော ဝင်ငွေ | -၄၅၀၀ |

အဆိုပါနိုင်ငံ၏ **GDP, GNP, NNP** တို့ကိုရှာပါ။ အဆိုပါနိုင်ငံ၏လူဦးရေသည်(၅၇)သန်းဖြစ်ပါက တစ်ဦးကျ ဝင်ငွေကိုရှာပါ။

(ဂ) တိုင်းပြည်တစ်ပြည်၏ ၂၀၁၆၊ ၂၀၁၇၊နှင့် ၂၀၁၈ ခုနှစ်၏ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ (၂၀၁၆ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၁၆ | ၁၀၀ | ၁၀၀ |
| ၂၀၁၇ | ၁၃၀ | ၁၅၀ |
| ၂၀၁၈ | ၉၅ | ၉၇ |

ယင်းဇယားမှ ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးတို့ကို တွက်ပြီး ကုန်ဖလှယ်မှုပြောင်းလဲခြင်းကို သုံးသပ်ပြပါ။